(ဒီဇင်ဘာ ၁၄ ရက်မှအဆက်)



# ယုံကြည်စိတ်ချရသော ပြုပြင်ပြောင်းလဲမှု

မင်းဇေယျာ

## ယုံကြည်စိတ်ချရမှုအတွက် အဆုံးအဖြတ်ပေးသောအချက်များ

နိုင်ငံရေး ဘောဂဗေဒသမားများက စီးပွားရေးအရ ကြွယ်ဝချမ်းသာမှု တိုးတက်လေ ယုံကြည်စိတ်ချရမှု အဆင့်တိုးတက်လေ၊ အပြန်အလှန်အားဖြင့် ဆင်းရဲနွမ်းပါးမှု နှုန်းများလာလေ၊ ယုံကြည်စိတ်ချရမှု ကျဆင်းလေလို့ ဆိုကြပါတယ်။ စီးပွားရေးလုပ်ငန်းများ ၊ အလုပ်အကိုင် အခွင့်အလမ်း ၊ ပညာရေး ၊ ကျန်းမာရေးနဲ့ အခြားဝန်ဆောင်မှုများကို ထင်သာမြင်သာ ဖြစ်အောင် တိုးတက်စေခြင်းဟာ အစိုးရများအပေါ် ပြည်သူလူထုရဲ့ ယုံကြည်မှုကို တိုးတက်စေပါတယ်။

ယခုခေတ်မှာ အမျိုးသားစီးပွားရေး အခြေအနေတွင် အနုတ်လက္ခဏာပြခြင်း၊ စီးပွားရေး စိန်ခေါ်မှုတွေအပေါ် အစိုးရရဲ့တုံ့ပြန်နိုင်စွမ်းကို အပြုသဘောမမြင်နိုင်ခြင်းတို့ဟာ ယုံကြည်စိတ်ချရမှုကို ဆုံးရှုံးစေပါတယ်။ ယှဉ်ပြိုင်မှုဖိအားများနဲ့ စီးပွားရေးရွှေ့ပြောင်းမှုများဟာ ကမ္ဘာလွှမ်းခြုံခေတ်ကြီးမှာ စီးပွားရေးမညီမျှမှုကို တိုးပွားစေပြီး လစ်လျူရှုထားခြင်းခံရတဲ့ လူဦးရေကိုများပြားစေပါတယ်။ ဒီအချက်ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ အချိန်မီလုံလောက်တဲ့ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ပေးခြင်းမရှိလျှင် အစိုးရများအပေါ် နိုင်ငံရေးအရယုံကြည် စိတ်ချရမှုကို ကျဆင်းစေပါတယ်။ စီးပွားရေး အကြောင်းရင်းများကြောင့် သာမက နိုင်ငံရေးနဲ့ လူမှုရေးအပိုင်းများကလည်း ယုံကြည်စိတ်ချရခြင်းကို ပျက်ပြားစေနိုင်ပါတယ်။ နိုင်ငံရေးအတင်းအဖျင်း စကားများဆက်တိုက် ဖြစ်ပေါ်နေခြင်း၊ အတားအဆီးမရှိ ဖြစ်ချင်တိုင်းဖြစ်နေတဲ့ အကျင့်ပျက်ခြစားမှုများနဲ့ အဲဒီကိစ္စများအပေါ် သတင်းမီဒီယာများက တစ်ခါတစ်ရံ အလွန်အကျူးဖော်ပြမှုများဟာ အစိုးရများနဲ့ နိုင်ငံရေးခေါင်းဆောင်များအပေါ် ယုံကြည်စိတ်ချရမှုကျဆင်းစေဖို့ အကြောင်းရင်းများပဲ ဖြစ်ပါတယ်။

ဖွံ့ဖြိုးဆဲ နိုင်ငံတွေမှာဖြစ်ဖြစ် ၊ ဖွံ့ဖြိုးပြီးနိုင်ငံများတွေမှာဖြစ်ဖြစ် ၊ အကျင့်ပျက်ခြစားခြင်းများဟာ အစိုးရများအပေါ် ယုံကြည်စိတ်ချရမှုကျဆင်းစေဖို့ အရေးကြီးတဲ့ နိုင်ငံရေးပြဿနာ ဖြစ်ပါတယ်။ ဒါ့အပြင် ပြည်သူလူထုရဲ့ လူနေမှုဘဝလုံခြုံရေးနဲ့ အကျင့်ပျက်ခြစားခြင်းတို့ဟာ ဖွံ့ဖြိုးပြီးထက် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ပိုလို့ပင်အရေးကြီးပါတယ်။ နိုင်ငံရေးစနစ်တစ်ခုရဲ့ တရားဝင်ဖြစ်တည်မှုနဲ့ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်တို့အရ ယုံကြည်စိတ်ချရမှု နဲ့ အကျင့်ပျက်ခြစားခြင်းတို့ အကြားမှာ အရေးကြီးတဲ့ သတိပေးချက်နှစ်ခုရှိပါတယ်။ ပထမတစ်ချက်ကတော့ နိုင်ငံရေးခေါင်းဆောင် တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုသည် အကျင့်ပျက်ခြစားမှုကို တိုက်ဖျက်နေပါတယ် ဆိုရုံမျှနဲ့ မလုံလောက်ပါ။ သူကိုယ်တိုင် အကျင့်ပျက်ခြစားတယ်လို့ အထင်မခံရဖို့ လိုအပ်ပါတယ်။ ဒုတိယ

တစ်ချက်ကတော့ ပြည်သူလူထုအတွင်း လူမှုရေးအရင်းက အခိုင်အမာရှိနေပြီး တစ်ဦးနဲ့ တစ်ဦး အပြန်အလှန် ယုံကြည်စိတ်ချရမှု ရှိနေတဲ့အခါ အစိုးရတစ်ရပ်ဟာ တစ်စုံတစ်ရာသော အတိုင်းအတာအထိ အကျင့်ပျက်ခြစားမှု ရှိတယ်လို့ ဆိုတဲ့တိုင်အောင် အစိုးရအပေါ်မှာ ယုံကြည်စိတ်ချမှု မပျက်ကြခြင်းဖြစ်ပါတယ်။ ဘယ်လို အခြေအနေမှာဖြစ်ဖြစ် ယုံကြည်စိတ်ချရမှု တည်ဆောက်ရာမှာ ပြည်သူလူထုအတွင်း အခြေအတင်ငြင်းခုံကြခြင်း၊ အစိုးရရဲ့မူဝါဒများကို မေးခွန်းထုတ်ကြခြင်းနဲ့ ဆုံးဖြတ်ချက်ချတဲ့ လုပ်ငန်းစဉ်ကို ကွဲပြားခြားနားသွားစေခြင်း ကဲ့သို့သော ပွင့်လင်းမှုမျိုးရှိရပါမယ်။ ဆိုစကားတစ်ခုရှိပါတယ်။ "အကျင့်ပျက်ခြစားခြင်း နဲ့ အာဏာရှင်စနစ် ကျင့်သုံးခြင်းတို့သည် ယုံကြည်စိတ်ချရမှုကို လုံးဝဖျက်ဆီးပစ်နိုင်သော်လည်း ဒီမိုကရေစီအုပ်ချုပ်ရေး စနစ်တစ်ခုတည်း နဲ့ ယုံကြည်စိတ်ချရမှုကို ပြန်လည်မတည်ဆောက်နိုင်ပါဘူး" ဆိုတာပါပဲ။ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ဟာ ယုံကြည်စိတ်ချရမှုကို ထုတ်လုပ်ပေးဖို့ ဒါမှမဟုတ် ထိန်းသိမ်းပေးဖို့ မဖြစ်မနေ လိုအပ်ချက်တစ်ရပ်ဖြစ်ပေမယ့် လုံလောက်တဲ့ စွမ်းပကားတော့မရှိပါဘူး။

အကျင့်ပျက် ခြစားတယ်လို့ အထင်ခံနေရခြင်းကလည်း နိုင်ငံရေးအရ ယုံကြည်စိတ်ချရမှုအတွက် အရေးတကြီး ဖယ်ရှားပစ်ဖို့ လိုအပ်တဲ့ ကိစ္စဖြစ်ပါတယ်။ နိုင်ငံရေးသမားတစ်ယောက်ဟာ ရိုးသားဖြောင့်မတ်ပေမဲ့လည်း ခြစားတယ်လို့ အထင်ခံနေရလျှင် အခြားသော ခြစားသူများနည်းတူ သဘောထားခံရနိုင်ပါတယ်။ ဒ့ါကြောင့် နိုင်ငံရေးသမားများဟာ မိမိတို့ရဲ့အပြုအမူ အပေါ်တွင် မိမိတို့ ဘာသာထိန်းသိမ်းဖို့ သာမက ပြည်သူလူထုက မိမိတို့အပေါ် ထားရှိသော အမြင်ကိုလဲ ထိန်းသိမ်းထားနိုင်ဖို့ အလေးအနက် ထားကြရပါမယ်။ အကျင့်ပျက်ခြစားတယ်လို့ အထင်ခံရမှုနဲ့ ပတ်သက်လို့ နိုင်ငံရေးခေါင်းဆောင်များနဲ့ ပြည်သူ့ဝန်ထမ်းများ အပေါ်သက်ရောက်မှုတို့ဟာ အနည်းငယ်ကွာခြားပါတယ်။ နိုင်ငံရေးကိုယ်စားလှယ်များ ထမ်းဆောင်ရတဲ့တာဝန်ဟာ သဘာဝအားဖြင့် ပြည်သူ့ဝန်ထမ်းနဲ့ တရားရေးဝန်ထမ်းများ ထမ်းဆောင်ရတဲ့ တာဝန်လောက် အသေးစိတ်တိကျစွာ ပိုင်းခြားသတ်မှတ်ထားခြင်း မဟုတ်တဲ့အတွက် ခြစားမှုစွပ်စွဲမှုများအတွက် အလိုအလျောက် ပိုပြီးထိလွယ်ရှလွယ် ရှိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် နိုင်ငံရေးသမား ကိုယ်စားလှယ်များရော ၊ ပြည်သူ့ဝန်ထမ်း များပါ မိမိတို့အမှားလုပ်တယ်လို့ ပြည်သူလူထုက အကြောင်းအကျိုးနဲ့ ယုံကြည်လာစေနိုင်တဲ့ လုပ်ဆောင်မှုအားလုံးကို မဖြစ်မနေ ရှောင်ကျဉ်ကြဖို့လိုပါတယ်။

ဒုတိယ သတိပေးချက်ဖြစ်တဲ့ အကျင့်ပျက်ခြစားမှုနဲ့ နိုင်ငံရေး ယုံကြည်စိတ်ချရမှု တို့အကြားဆက်ဆံမှုအခြေအနေမှာ လူမှုရေး အရင်းတည်ရှိမှုဟာ အမှန်တကယ် အရေးကြီးပါတယ်။ လူမှုရေးလုပ်ဆောင်ချက်များက အစိုးရတစ်ရပ်အပေါ် နိုင်ငံရေး ယုံကြည်စိတ်ချရခြင်းအတွက် များစွာ ထိရောက်မှုရှိစေပါတယ်။ ဝင်ငွေအဆင့်၊ စာတတ်မြောက်မှုနှုန်း၊ ပညာရေး အဆင့်အတန်း၊ ကျား/မ အသက်အရွယ်အလိုက် သက်တမ်း ၊ ကျန်းမာရေး၊ အားကစားစတဲ့ လူမှုရေးလုပ်ငန်းများနဲ့ လူမှုရေးကိန်းဂဏန်းများဟာ နိုင်ငံရေးယုံကြည်စိတ်ချရမှု နဲ့လူမှုရေး ယုံကြည်စိတ်ချရမှုတို့ကို အဆုံးအဖြတ်ပေးနိုင်ပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ အလယ်အလတ် ဝင်ငွေရှိသူများဟာ အစိုးရအပေါ် မချင့်မရဲ

ဖြစ်တတ်ကြပြီး ယုံကြည်စိတ်ချရမှု လျော့နည်းကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အစိုးရဟာ ဆင်းရဲသားများနဲ့ ဆက်ဆံမှုပိုရှိလာတာ ၊ ချမ်းသာသူများကလည်း အစိုးရရဲ့အခွင့်အာဏာနှင့် ဆက်စပ်ပြီး အကျိုးကျေးဇူးများကို ခံစားနေကြတာကို တွေ့နေရတဲ့အတွက် သူတို့ အလယ်အလတ်သမားများ ထီးတည်းကျန်ခဲ့တယ်လို့ ယူဆတတ်ကြလို့ပဲဖြစ်ပါတယ်။ အသက်အရွယ်ဟာ နိုင်ငံရေး ယုံကြည်စိတ်ချရမှု အပေါ်မညီမညာ အကျိုးသက်ရောက် လေ့ရှိပါတယ်။ အသက်အရွယ်ကြီးသူများဟာ အာဏာရှင်အုပ်ချုပ်ရေး ယန္တရားနဲ့ထိတွေ့ ဆက်ဆံရာမှာ ပိုပြီးသည်းခံနိုင်ကြပေမဲ့ ဒီမိုကရေစီအစိုးရများ အပေါ်မှာတော့ သည်းမခံ နိုင်ကြတာကိုလည်း တွေ့ရပါတယ်။

ကမ္ဘာလွှမ်းခြုံသော ယခုခေတ်တွင် နိုင်ငံရေးအရ ယုံကြည်စိတ်ချရမှုရဲ့ သဘာဝမှာလုံးဝမငြင်းပယ်နိုင်တဲ့ နောက်ထပ်အချက်တစ်ခုဟာ စတင်ပေါ်ထွန်းလာနေပြီဖြစ်ပါတယ်။ ပြည်သူ့နီတိအသစ်လို့ ခေါ်မယ်ဆိုကလည်း ခေါ်ဆိုနိုင်မယ်ထင်ပါတယ်။**ပြည်သူလူထုဟာ ပါတီစွဲ၊ နိုင်ငံရေးအစွဲ၊ ပုဂ္ဂိုလ်စွဲထက် ကျင့်ဝတ်ဆိုင်ရာ စိတ်ဓါတ်ဆိုင်ရာ စံနှုန်းများအပေါ် ဘာကြောင့် အလေးအနက်ပိုပြီးထားလာကြတာလဲ။** မူရင်းယုံကြည် စိတ်ချရမှုအဆင့်ထက် နောက်တစ်ဆင့်မြှင့် ယုံကြည်စိတ်ချရမှုအဆင့်သို့ တက်လှမ်းဖို့ ဘယ်အရာတွေက တွန်းအားပေး နေနိုင်ပါသလဲ။ တစ်နည်းအားဖြင့် စွမ်းဆောင်ရည်ရှိမှုထက် ကိုယ်ကျင့်တရားကောင်းမွန်မှုအပေါ် ဘာကြောင့် ပိုပြီး အားထားလာကြပါသလဲ။ ဒီမေးခွန်းများအတွက် တစ်ခုတည်းသော အဖြေဟာလူတစ်ဦး၊ တစ်ဖွဲ့ချင်းထက် ယနေ့ အစိုးရများ ရင်ဆိုင်နေရတဲ့ ကမ္ဘာလွှမ်းခြုံဖြစ်ပေါ်မှုရဲ့ ရိုက်ချက်စွမ်းအားများကြောင့်ပဲ ဖြစ်ပါတယ်။ နိုင်ငံ တစ်ခုချင်းအလိုက် လူမှုရေးနဲ့ နိုင်ငံရေး ယုံကြည်စိတ်ချရမှု အရင်းခံ အကြောင်းတရားများဟာ ကွဲပြားခြားနားကြမှာဖြစ်ပေမယ့် အစိုးရများအပေါ် ယုံကြည်စိတ်ချရမှုကျဆင်းခြင်း အတွက် ဖြစ်နိုင်ဖွယ်ရှိတဲ့ အဖြေဟာ ကမ္ဘာလွှမ်းခြုံ ဖြစ်ပေါ်မှုရဲ့တောင်းဆိုချက် အသစ်များအပေါ်တွင် အခြေခံ တယ်လို့ ကျွန်တော်တို့ လုံးဝယုံကြည်နိုင်ကြပါတယ်။

(သောကြာနေ့တိုင်းဆက်လက်ဖော်ပြပါမည်)

-